ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၇ | ၂၀၁၉ ခုနှစ် ၊ ဧပြီလ ၁ ရက်

## MACCS/MCIS System တွင် အသုံးပြုနေသော Myint & Associates Data Center နှင့် ဆိပ်ကမ်းများတွင် တပ်ဆင်ထားသည့် Hardware များအတွက် တင်ဒါခေါ်ယူခြင်း



အကောက်ခွန်ဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသော MACCS/MCIS System တွင် အသုံးပြုနေသည့် Myint & Associates Data Center နှင့် ဆိပ်ကမ်းများတွင် အသုံးပြုတပ်ဆင်ထားသော Hardware ပစ္စည်းများအား အသစ်လဲလှယ်ခြင်းနှင့် ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း အခမ်းအနားအား ၂၀၁၉ ခုနှစ် ၊ မတ်လ ၂၄ ရက်နေ့ နေ့လည် (၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန ၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အခမ်းအနားတွင် KMD Co., Ltd မှ Hardware ပစ္စည်းများဝယ်ယူခြင်း အတွက် ကျပ်သန်းပေါင်း (၄၆၀၀) နှင့် NTT Data Myanmar Co., Ltd မှ Hardware ပစ္စည်းများ လဲလှယ်ခြင်းအတွက် ကျပ်သန်းပေါင်း (၁၀၂၀၀) ဖြင့် တင်ဒါအောင်မြင်ခဲ့ရာ စုစုပေါင်း တင်ဒါအောင်မြင် ခဲ့သည့် တန်ဖိုးမှာ ကျပ်သန်းပေါင်း (၁၄၈၀၀) ဖြစ်ပါသည်။

# Anti-Counterfeit Training for Customs Officials အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ



၂၀၁၉ ခုနှစ် မတ်လ (၇) ရက်နေ့ နံနက် (၀၇:၃၀) နာရီ မှ (၁၁:၀၀) နာရီ ထိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ Anti-Counterfeit Training for Customs Officials (အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်တန်း) အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) မှ တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ အကောက်ခွန်အရာရှိများအနေဖြင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အကာအကွယ်ပေးရေး၏အရေးပါမှု နှင့် ကုန်ပစ္စည်းအတုအပအား မည်ကဲ့သို့ခွဲခြား စစ်ဆေးနိုင်ပုံကိုသိရှိနားလည်ပြီး လုပ်ငန်းခွင်တွင်ထိရောက်စွာ ပြန်လည်အသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

သင်တန်းသို့ Schmitt & Orlov IP Co., Ltd. Law Firm မှ Associate Ms. Ha Nguyen နှင့် အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အကောက်ခွန်အရာထမ်းများ စုစုပေါင်း (၇၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# Combating Smuggling of Endangered Species Asia Atrica Customs အလုပ်ရုံဆွေးနွေးပွဲတက်ရောက်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ စုကျိုးမြို့တွင် ၂၅-၃-၂၀၁၉ ရက်နေ့မှ ၂၉-၃-၂၀၁၉ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် Combating Smuggling of Endangered Species Asia Atrica Customs အလုပ်ရုံဆွေးနွေးပွဲသည် ကမ္ဘာပေါ်ရှိ မျိုးသုန်းမှု အန္တရာယ်ကျရောက်နေသော တိရိစ္ဆာန်မျိုးစိတ်များကို ကာကွယ်မှုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဒုတိယ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်း ခေါင်းဆောင်၍ မြန်မာ ကိုယ်စားလှယ် (၄) ဦး တက်ရောက်ခဲ့ကြပါသည်။

# Regional Training on Coordinated Border Management (CBM)
# နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှုစီမံခန့်ခွဲရေးသင်တန်းတက်ရောက်




ထိုင်းနိုင်ငံ၊ Khon Kaen မြို့၊ Mekong Institute ၌ မတ်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့ အထိကျင်းပပြုလုပ်သည့် နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှု စီမံခန့်ခွဲရေး Coordinated Border Management (CBM) သင်တန်းအား အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဉ္ဇာခိုင် ၊ အကောက်ခွန်မှူး ဒေါ်အိဖြိုးလွင် နှင့် ဒု-အကောက်ခွန်မှူး အကြင်နာဦး တို့တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်းသည် ပြည်တွင်းပြည်ပမှာရှိသော နယ်စပ်ဒေသထိန်းချုပ်ရေး အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်၍ ကုန်သွယ်မှုနှင့်နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှု လျင်မြန်ချောမွေ့စေရန်အတွက် ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၃၂.၅၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၀၂) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၄၃၂.၅၂၃) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်






ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း နှင့် ကုန်လှောင်ရုံတို့တွင် တားဆီး/ဖမ်းဆီးမှု (၁၈) မှု ခန့်မှန်းတန်ဖိုးကျပ် (၃၄၈.၇၀၆) သန်းရှိသည့်အနက် ၁-၃-၂၀၁၉ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် EK-388, SF-3091 ဖြင့် ဒူဘိုင်းမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည် ဦးစောတင့်ဝေ (PP No – MC 497767) ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော TV (40”) (1) item, C/O Malaysia ၊ ခန့်မှန်းတန်ဖိုးကျပ် (၀.၃) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၃၂.၅၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း









နယ်မြေတားဆီးမှုအနေဖြင့် (၂၈၄) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၀၈၃.၈၁၇) သန်းရှိသည့်အနက် ၂၂-၃-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Mark II ယာဉ် (၁) စီး နှင့် Mercedes (Micro Bus) ယာဉ် (၁) စီးတို့ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်း ဖြတ်စဆိုဒ်စုံ (၁၅၀၅) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးကျပ် (၁၁၅.၂၅၀) သန်းအား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၃၂.၅၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၁၉ ခုနှစ် မတ်လ (၁၆) ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Hiace ယာဉ်ပေါ်တွင် တင်သွင်းတင်ပို့ခြင်းခွင့်မပြု သည့် တရားမဝင် သင်းခွေချပ်ကြေးခွံ (၃၈) ပိဿာ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄၃.၈) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄၃၂.၅၂၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၈-၃-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကျိုက်ထိုမြို့နယ် ခလွန်ကျေးရွာမြောက်ဘက် ကွမ်းခြံအနီးလမ်းဘေးတွင် စုပုံထားသော တရားမဝင် ပိတောက်ခွဲသား အားလည်းကောင်း၊ DONG FENG ယာဉ် (၁) စီး၊ CHANG LONG ယာဉ် (၁) စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် Diablo Beer ၊ Spy Wine ၊ Sugar နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၂) စီး၊

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မတ်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ


| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၃၉.၆၇၇ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၇.၉၃၂ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၉.၉၈၄ သန်း |
| | စုစုပေါင်း | - | ၉ မှု | ၉ မှု | ၅၇.၅၉၃ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၁-၃-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂၀၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၈၈၆.၈၁၀) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Eucalyptus Core Veneer (သစ်ပါးလွှာ) ၏ HS Code အားမေးမြန်းရာ ၊ HS Code မှာ 4408.39.90 ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Air Cooler များ တင်သွင်းလိုပါသဖြင့် ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8479.60.00 ဖြစ်ပြီး အကောက်ခွန် 10 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




နေကြာဆီများ တင်သွင်းလိုပါသဖြင့် Hs Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 1512.19.20 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Air Conditioning Machine များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8415.10.90 ဖြစ်ပြီး အကောက်ခွန် 10% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါ သည်။